ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ

အမှတ် ၅ /၂၀၀၇)

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာနှင့် အပြုအမူကို မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများ အပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ကျန်းမာမှု အဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်းများ အပါအဝင် ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုပညာဆိုင်ရာ ဆောင်ရွက်မှုများကို ဆိုသည်။

(ဂ) **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ဖြစ်စေ၊ အကျိုးအမြတ် ရရှိရန် မရည်ရွယ်ဘဲဖြစ်စေ လုပ်ကိုင်သော ပုဒ်မ ၇ ပါ ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ဃ) **ပုဂ္ဂလိကဆေးခန်း** ဆိုသည်မှာ ပြင်ပလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော ဆေးခန်းကို ဆိုသည်။

(င) **ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင် ရရှိသူကသော်လည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း သက်ဆိုင်ရာ ပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(စ) **ပုဂ္ဂလိက အထူးကုဆေးခန်း** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထူးဆေးကုသခွင့် လိုင်စင်ရရှိသူကသော်လည်းကောင်း၊ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီက အထူးဆေးကုသခွင့်အတွက် ထုတ်ပေးသောသွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင် လက်မှတ်သို့မဟုတ် လိုင်စင်ရရှိသူကသော်လည်းကောင်း သက်ဆိုင်ရာပညာရပ်ဖြင့် ကုသမှုပေးသော ပုဂ္ဂလိကဆေးခန်းကို ဆိုသည်။

(ဆ) **ပုဂ္ဂလိကဆေးရုံ** ဆိုသည်မှာ ပြင်ပလူနာနှင့် အတွင်းလူနာများအတွက် ကျန်းမာရေးလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော ဆေးရုံကို ဆိုသည်။

(ဇ) **ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံ** ဆိုသည်မှာ အထွေထွေရောဂါများကို ပြုစုကုသမှုပေးရန် အလို့ငှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထွေထွေဆေးကုသခွင့်

လိုင်စင် သို့မဟုတ် အထူးဆေးကုသခွင့် လိုင်စင်ရရှိသူက သော်လည်းကောင်း၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက အထွေထွေဆေးကုသခွင့်အတွက်ဖြစ်စေ၊ အထူးဆေးကုသခွင့် အတွက်ဖြစ်စေ ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးသော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ဈ) **ပုဂ္ဂလိကအထူးကုဆေးရုံ** ဆိုသည်မှာ ဆေးပညာဘာသာရပ် တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ဆေးပညာ ဘာသာရပ်များဖြင့်ဖြစ်စေ အထူးပြုစုကုသမှုပေးရန် အလို့ငှာ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော အထူးဆေး ကုသခွင့် လိုင်စင်ရရှိသူက သော်လည်းကောင်း၊ သွားနှင့် ခံတွင်း ဆိုင်ရာ ဆေးကောင်စီက အထူးဆေးကုသခွင့် အတွက် ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူက သော်လည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေး သော ပုဂ္ဂလိကဆေးရုံကို ဆိုသည်။

(ည) **ပုဂ္ဂလိကသားဖွားခန်း** ဆိုသည်မှာ ကိုယ်ဝန်ဆောင်မိခင်များ ကို လက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ သာမန် မွေးဖွားပေးခြင်း၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးအချိန်များတွင် ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းများကို ပုဂ္ဂလိက လုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ် များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော သားဖွားခန်း ကို ဆိုသည်။

(ဋ) **ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း** ဆိုသည်မှာ ကျန်းမာရေး စစ်ဆေးခြင်း၊ ရောဂါရှာဖွေ ဖော်ထုတ်ခြင်း သို့မဟုတ် ရောဂါ ကုသခြင်းအတွက် အထောက်အကူပြုသော ရောဂါရှာဖွေရေး ဓာတ်ခွဲလုပ်ငန်း၊ ဓာတ်မှန်ဘက်ဆိုင်ရာ ရောဂါရှာဖွေရေး လုပ်ငန်းနှင့် အခြားရောဂါရှာဖွေရေးလုပ်ငန်း တစ်ရပ်ရပ်ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေးလုပ်ငန်း ကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကသူနာပြုစုရေးဂေဟာ** ဆိုသည်မှာ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသူ၊ ကျန်းမာရေး ပြန်လည်ထူထောင်ပေးမှု ခံယူသူနှင့် သက်ကြီးရွယ်အိုများအား လက်ခံ၍ သူနာပြုစုစောင့်ရှောက်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်သော နေရာဌာနကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ကျန်းမာရေး စောင့်ရှောက်မှု ပေးသူက လှည့်လည်၍ ကျန်းမာရေး စောင့်ရှောက်မှု တစ်ရပ်ရပ်ကို ပုဂ္ဂလိက လုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေး လုပ်ငန်းကို ဆိုသည်။

(ဎ) **ပုဂ္ဂလိကကျန်းမာရေး အကျိုးဆောင်လုပ်ငန်း** ဆိုသည်မှာ လူနာပို့ဆောင်ခြင်း သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ရန် အလို့ငှာ ပြည်တွင်းပြည်ပ ဆက်သွယ်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေး လုပ်ငန်းကို ဆိုသည်။

(ဏ) **ပုဂ္ဂလိကအထွေထွေ ကျန်းမာရေးလုပ်ငန်း** ဆိုသည်မှာ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်ရပ်၏ ကျန်းမာရေးနှင့် စပ်လျဉ်း၍ လျှပ်စစ်၊ အပူ၊ အလင်းရောင်၊ ဓာတ်တစ်မျိုးမျိုး သို့မဟုတ် အခြားနည်းတစ်မျိုးမျိုးဖြင့် ကိရိယာတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲ ဖြစ်စေ ပုဂ္ဂလိကလုပ်ငန်းအဖြစ် ဆောင်ရွက်သော ကျန်းမာရေး လုပ်ငန်းကို ဆိုသည်။

(တ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက် အရဖြစ်စေ ကျန်းမာရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူလည်း ပါဝင်သည်။

(ထ) တာဝန်ခံပုဂ္ဂိုလ် ဆိုသည်မှာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို တည်ထောင်သူ၊ ကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲမှု တာဝန်ကို တာဝန်ခံဆောင်ရွက်သူကို ဆိုသည်။

(ဒ) ကျန်းမာရေး စောင့်ရှောက်မှုပေးသူ ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုဖြစ်စေ၊ သူနာပြုနှင့် သားဖွားကောင်စီက ထုတ်ပေးသော သူနာပြု သို့မဟုတ် သားဖွားလိုင်စင်ကိုဖြစ်စေ ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူများကို ဆိုသည်။

(ဓ) ဗဟိုအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဆိုသည်။

(န) ကြီးကြပ်ရေးကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

## အခန်း ( ၂ )
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နိုင်ငံတော်၏ ကျန်းမာရေး မူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊

(ခ) အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှု စနစ်တွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက အစိတ်အပိုင်း တစ်ရပ်အဖြစ် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဂ) ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်စေရန်၊

(ဃ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်း အားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေး လိုအပ်ချက် များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့် ရရှိစေရန်၊

(င) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေး မြင့်မားသည့် ဝန်ဆောင်မှု ပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်။

## အခန်း ( ၃ )
## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် –

(က) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲနှင့် ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ၂၁ ဦးထက်မများသော ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်ကို တွဲဖက်အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန် ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း ( ၄ )
## ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ လမ်းညွှန်ခြင်း၊

(ခ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်စေရန် လမ်းညွှန်ခြင်း၊

(ဂ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းနှင့် ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကြိုတင် ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) ပုဂ္ဂလိက ဆေးရုံအမျိုးအစားနှင့် ကုသနိုင်သည့် ရောဂါအမျိုး အစားသတ်မှတ်ခြင်း၊

(င) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း လုပ်ကိုင်ခွင့် ပြုရန် လျှောက်ထားခြင်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေး ရန် ငြင်းပယ်ခြင်း၊

(စ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အထူး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် လိုအပ်သော အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း၊

(ဇ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ် များကို လိုက်နာကျင့်သုံး ဆောင်ရွက်ရန် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများအား ညွှန်ကြားခြင်း၊

(ဈ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများအတွက် လိုအပ်သော အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ည) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်က တင်ပြသော ကိစ္စရပ် များကို အဆုံးအဖြတ်ပေးခြင်း၊

(ဌ) မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဍ) ပြည်နယ်၊ တိုင်းကြီးကြပ်ရေး ကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဎ) ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ၏ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(ဏ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၆။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လုပ်ငန်းကော်မတီအား ဖြစ်စေ၊ ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်အား ဖြစ်စေ၊ အဖွဲ့အစည်း သို့မဟုတ် ဌာနတစ်ခုခုအား ဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ

၇။ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်း
- (၁) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း၊
- (၂) ပုဂ္ဂလိက အထူးကုဆေးခန်းလုပ်ငန်း၊

(ခ) ပုဂ္ဂလိက ဆေးရုံလုပ်ငန်း
- (၁) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးရုံလုပ်ငန်း၊
- (၂) ပုဂ္ဂလိက အထူးကုဆေးရုံလုပ်ငန်း၊

(ဂ) ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း၊

(ဃ) ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း၊

(င) ပုဂ္ဂလိက သူနာပြုစုရေးဂေဟာလုပ်ငန်း၊

(စ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊

(ဆ) ပုဂ္ဂလိက ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း၊

(ဇ) ပုဂ္ဂလိက အထွေထွေကျန်းမာရေးလုပ်ငန်း။

## အခန်း (၆)

## ပုဂ္ဂလိကဆေးရုံ၏ အင်္ဂါရပ်များ

၇။ ပုဂ္ဂလိက ဆေးရုံသည် အောက်ပါ အင်္ဂါရပ်များနှင့် ညီညွတ်ရမည် –

(က) လုံလောက်သော သီးခြားမြေနေရာ အကျယ်အဝန်းရှိခြင်းနှင့် ခွင့်ပြုထားသောနေရာတွင် တည်ဆောက်ခြင်း၊

(ခ) အဆောက်အအုံ ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသော စံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးရုံအတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) သတ်မှတ်ထားသော ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများဖြင့် ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်စေရန် ဆောင်ရွက်ထားခြင်း၊

(င) အရေးပေါ် ပြင်ပလူနာနှင့် အတွင်းလူနာများကို ၂၄ နာရီ ကုသမှုခံယူနိုင်စေရန် ဆောင်ရွက်ထားခြင်း၊

(စ) လူနာများကို အရေးပေါ် အသက်ကယ် ကုသစောင့်ရှောက်မှု ပေးနိုင်ခြင်း၊

(ဆ) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်း ကိရိယာများ ထားရှိခြင်း၊

(ဇ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဈ) ဆေးရုံအတန်းအစားနှင့် အမျိုးအစားအလိုက် ရောဂါရှာဖွေရေးအတွက် ဆောင်ရွက်နိုင်ခြင်း၊

(ည) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဋ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဌ) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ဆေးရုံ အတန်းအစားနှင့် အမျိုးအစားအလိုက် တာဝန်ခံကြီးကြပ်အုပ်ချုပ်မှုစနစ်ရှိခြင်း၊

(ဎ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဈ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ည) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဋ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ် ကယ်ဆယ် ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဌ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ် ရှိခြင်း၊

(ဍ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက် ထားခြင်း၊

(ဎ) သေဆုံးလူနာများအတွက် သတ်မှတ်ထားသည့် အစီအစဉ် ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ် ချက်များကို ဆောင်ရွက်ထားခြင်း။

## အခန်း (၇)
## ပုဂ္ဂလိကဆေးခန်း၏ အင်္ဂါရပ်များ

၉။ ပုဂ္ဂလိကဆေးခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည် –

(က) သင့်လျော်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ သို့မဟုတ် အခန်းဖြစ်ခြင်း၊

(ခ) အတွင်းလူနာကို လက်ခံခွင့်မရှိဘဲ ပြင်ပလူနာကိုသာ ပြုစု ကုသမှုပေးခြင်း၊

(ဂ) ဆေးခန်းအတွင်းအပြင်တို့တွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာ ရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(င) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(စ) ပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွား စေရေးနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရေးတို့ အတွက် ဆောင်ရွက်ထားခြင်း၊

(ဆ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဇ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဈ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြား လိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။

## အခန်း (၈)

## ပုဂ္ဂလိက သားဖွားခန်း၏ အင်္ဂါရပ်များ

၁၀။ ပုဂ္ဂလိက သားဖွားခန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သီးခြားပရိဝုဏ်နှင့် သီးခြားအဆောက်အအုံရှိခြင်း၊

(ခ) သားဖွားလူနာများနှင့် မွေးကင်းစကလေးများကို ၂၄ နာရီ ပြုစုစောင့်ရှောက်မှု ပေးနိုင်ရန် ဆောင်ရွက်ထားခြင်း၊

(ဂ) သားဖွားခန်း အတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) လူနာများကို အရေးပေါ် အသက်ကယ် ကုသစောင့်ရှောက်မှု ပေးနိုင်ခြင်း၊

(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှု ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်း ကိရိယာများ ထားရှိခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) စနစ်ကျသော ဆေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်း၊

(ည) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ဋ) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဌ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဍ) ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ် ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ခ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ် ရှိခြင်း၊

(ဇ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(တ) သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊

(ထ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း။

## အခန်း (၉)

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် ကြိုတင်ခွင့်ပြုချက်

၁၁။ ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်လိုသူ သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်လိုသူသည် သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် စည်ပင်သာယာရေး အဖွဲ့၏ ထောက်ခံချက်နှင့်အတူ ကြိုတင်ခွင့်ပြုချက်ရရှိရန် အောက်ပါ အချက်များ ဖော်ပြပြီး သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ် ကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထားရမည် –

(က) တည်ထောင် ဖွင့်လှစ်မည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၊

(ခ) တည်ထောင် ဖွင့်လှစ်မည့် လုပ်ငန်း၏ တည်နေရာ၊ အကျယ်အဝန်းနှင့် လိပ်စာ၊

(ဂ) တည်နေရာ၏ ပတ်ဝန်းကျင်ရှိ မြေနှင့် အဆောက်အအုံများ၊

(ဃ) အဆောက်အအုံနှင့် အခန်းဖွဲ့စည်းပုံ၊

(င) ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်၊

(စ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြား လိုအပ်သည့်အချက်များ။

၁၂။ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းကို စိစစ်ပြီး ခရိုင်ကြီးကြပ်ရေးကော်မတီသို့ လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေးကော်မတီသည် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီ သို့လည်းကောင်း သဘောထား မှတ်ချက်နှင့်အတူ အဆင့်ဆင့် တင်ပြရမည်။

၁၃။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ –

(က) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့်ကိစ္စ ဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း လုပ်ငန်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိ အဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စ ဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက တင်ပြသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်တည်ထောင် ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း ( ၁၀ )

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်

၁၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် –

(က) မိမိလုပ်ကိုင်လိုသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) ပုဂ္ဂလိက နယ်လှည့်ကျန်းမာရေးလုပ်ငန်းနှင့် ပုဂ္ဂလိက ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းများမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုင်စင် လျှောက်ထားခြင်းဖြစ်ပါက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄ အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ကို ပူးတွဲ တင်ပြရမည်။

၁၆။ မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ လိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခရိုင် ကြီးကြပ်ရေးကော်မတီသို့လည်းကောင်း၊ ခရိုင်ကြီးကြပ်ရေး ကော်မတီသည် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီသို့လည်းကောင်း သဘောထား မှတ်ချက်နှင့်အတူ အဆင့်ဆင့် တင်ပြရမည်။

၁၇။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေး ကော်မတီသည် –

(က) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်းမှအပ အခြား ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင် ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထား မှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးခန်းလုပ်ငန်း လုပ်ကိုင် ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေး ခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင် သည်။

၁၈။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေး ကော်မတီက တင်ပြသော လိုင်စင် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူ သည် –

(က) လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဗဟိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီး ဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ ရမည်။

(ဂ) ကျန်းမာရေးဆိုင်ရာ အရေးပေါ် လိုအပ်ချက်အရ ကျန်းမာရေး ဝန်ကြီးဌာနက ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ (က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်သည် ပုဒ်မခွဲ (က) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုင်စင်ရရှိသူသည် မိမိရရှိသော လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းပြုလိုပါက သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

## အခန်း (၁၁)

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၂၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေး အဖွဲ့များသည် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို စစ်ဆေးပြီး ဗဟိုအဖွဲ့သို့ တင်ပြရမည် -

(က) ကျန်းမာရေး စောင့်ရှောက်မှု ပေးသူဦးရေ၊ ယင်းတို့၏ အရည်အချင်းနှင့် ပစ္စည်းကိရိယာများ ပြည့်စုံခြင်း ရှိ မရှိ၊

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းတို့က လုပ်ငန်းအသီးသီးအတွက် သတ်မှတ်ထားသည့် ကျင့်စဉ်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ၊

(ဂ) ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားရေးအတွက် အစီအမံများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

(ဃ) သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ လူနာ၊ အများပြည်သူနှင့် ပတ်ဝန်းကျင်တို့အား ကျန်းမာရေး အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ကူးစက်ရောဂါ မပြန့်ပွားစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

(င) ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး စောင့်ရှောက်မှု ခံယူသူများက ကျေနပ်မှု ရှိ မရှိ၊

(စ) ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ လုပ်ငန်းခွင်အခြေအနေနှင့် စပ်လျဉ်း၍ ကျေနပ်ဖွယ် ရှိ မရှိ၊

(ဆ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ။

၂၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးသူတို့အား လိုအပ်သည်များကို ညွှန်ကြားနိုင်သည်။

## အခန်း (၁၂)

## တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများ

၂၅။ တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ တာဝန် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) လူနာ၏ ကျန်းမာရေး လိုအပ်ချက်ကို အဓိကထား၍ ဆောင်ရွက်ခြင်း၊

(ခ) ဗဟိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) ခေတ်အလျောက် တိုးတက်လာသော ဆေးပညာနှင့် နည်းစနစ်များကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်း၊

(င) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော ကူးစက်မြန်ရောဂါများနှင့် မှုခင်းဆိုင်ရာ ကိစ္စရပ်များကို ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(စ) လူနာ၏ အကျိုးကိုရှေးရှု၍ လိုအပ်ပါက သက်ဆိုင်ရာ ပညာရှင်၊ ဌာနနှင့် ဆေးရုံများသို့ အချိန်မီ ညွှန်းပို့ခြင်း၊

(ဆ) မည်သည့် အရေးပေါ် လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်း၊

(ဇ) အများပြည်သူအတွက် မျှတသော ဝန်ဆောင်ခဖြင့် အရည်အသွေး မြင့်မားသော ဝန်ဆောင်မှုပေးခြင်း၊

(ဈ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ည) ကျန်းမာရေး စောင့်ရှောက်မှု ခံယူသူ၏ မကျေနပ်မှုကို ဖြေရှင်းပေးနိုင်ရန် အစီအစဉ်များ ချမှတ်ထားရှိခြင်း၊

(ဋ) ဆေးရုံအရွယ်အစားနှင့် အမျိုးအစားအလိုက် လိုအပ်သော စီမံခန့်ခွဲရေးအဖွဲ့ငယ်၊ အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ငယ်နှင့် အခြားလိုအပ်သော အဖွဲ့ငယ်များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဌ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက တရားဝင် တောင်းခံလာသည်မှအပ လူနာ၏ ကျန်းမာရေးဆိုင်ရာ အတွင်းရေးကိစ္စကို လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း၊

(ဍ) လူနာများကို အသုံးပြု၍ သုတေသနပြုရန် လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဎ) သတ်မှတ်ထားသော အခွန်အခများကို မှန်ကန်စွာ ပေးဆောင်ခြင်း၊

(ဏ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာတွင် ခွင့်ပြုချက် သို့မဟုတ်

လိုင်စင်မရှိဘဲ အခြားလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း။

အခန်း (၁၃)

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း လိုင်စင်ရရှိသူက ပုဒ်မ ၁၉ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဤဥပဒေပါ ပြစ်မှု တစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်ဒဏ်စီရင်ခြင်း ခံရလျှင်သော်လည်းကောင်း၊ တာဝန်ခံပုဂ္ဂိုလ်က ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရား တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း သက်ဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေး ပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့နှင့် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီတို့သည် သက်ဆိုင်ရာ လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၇။ ပုဒ်မ ၂၆ အရ အရေးယူဆောင်ရွက်သော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီသည် ကျန်းမာရေး စောင့်ရှောက်မှု ပေးသူက ပုဒ်မ ၂၅ ပါ တာဝန်ဝတ္တရား တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့် သားဖွားကောင်စီသို့ အကြောင်းကြားရမည်။

အခန်း (၁၄)

**အယူခံခြင်း**

၂၈။ ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီက ပုဒ်မ ၂၆ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သော အခြားအမိန့်တစ်ရပ်ရပ်ကို သော်လည်း ကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

၂၉။ ဗဟိုအဖွဲ့သည် ပုဒ်မ ၂၈ အရ အယူခံမှုတွင် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၃၀။ ဤဥပဒေအရ ချမှတ်သော ဗဟိုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း ( ၁၅ )
## ပြစ်မှုနှင့် ပြစ်ဒဏ်

၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၂။ မည်သူမဆို ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ် အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၄။ လိုင်စင်ရရှိသူ မည်သူမဆို –

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့် နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကိစ္စရပ်မှ အပ အခြားလုပ်ငန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည့်နေရာတွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကိစ္စရပ်ကို ဖောက်ဖျက် ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်။

၃၅။ လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရ မိမိရရှိသောလိုင်စင်ကို သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော ဗဟိုအဖွဲ့ သို့မဟုတ် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်းကြောင်း သို့မဟုတ် ငှားရမ်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း ( ၁၆ )
## အထွေထွေ

၃၆။ ကျန်းမာရေးဝန်ကြီးဌာနသည် –

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရ ဗဟိုအဖွဲ့က ဖွဲ့စည်းသော အခြားအဖွဲ့အစည်းများ၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၃၇။ ဤဥပဒေအာဏာ မတည်မီက ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ခဲ့ပြီးသော ကိုယ်ပိုင်ဆေးကုဂေဟာ ဖွင့်လှစ်သည့် လုပ်ငန်းကို လုပ်ကိုင်သူသည် မိမိ၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေအာဏာတည်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ယာယီ လိုင်စင်ကို လျှောက်ထားရမည်။ ထို့ပြင် –

(က) ပုဂ္ဂလိကဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကသားဖွားခန်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာ ဆောင်ရွက်ပြီး ဤဥပဒေ အာဏာ တည်သည့် နေ့ရက်မှ ၁ နှစ်အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်ကို လျှောက်ထားရမည်။

(ခ) ပုဂ္ဂလိကအထူးကုဆေးခန်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေ အာဏာတည်သည့်နေ့ရက်မှ ၉ လ အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းများမှအပ အခြား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်လျှင် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ အင်္ဂါရပ်များနှင့် လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ဤဥပဒေ အာဏာတည်သည့်နေ့ရက်မှ ၆ လ အတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၃၈။ ဗဟိုအဖွဲ့သည် အများပြည်သူအကျိုးငှာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ကာလကန့်သတ်ချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၉။ (က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ၏ ပေါ့လျော့စွာ ဆောင်ရွက်မှုကြောင့် နစ်နာသူသည် မိမိ၏ နစ်နာမှုအတွက် နစ်နာကြေးရရှိရန် သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသူအား တရားမနစ်နာမှုဥပဒေ (Law of Tort) အရ စွဲဆိုနိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုခြင်းခံရသော တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်မရှိစေရ။

၄၀။ ဤဥပဒေ အာဏာ မတည်မီက ကိုယ်ပိုင်ဆေးကုဂေဟာများနှင့်စပ်လျဉ်း၍ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းရင်းဆေးပညာကို အသုံးပြု၍ ကုသသော ပုဂ္ဂလိက တိုင်းရင်းဆေးရုံ၊ ပုဂ္ဂလိက တိုင်းရင်းဆေးခန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဖြစ်သောဥပဒေကြမ်း

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)

## ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

## ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သောသင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူလည်း ပါဝင်သည်။ "

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

" (င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်းမဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိခြင်း၊ "

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ **ပုဒ်မ ၁၀** တွင် -

(က) ပုဒ်မခွဲ (ဈ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဈ)၊(ည)၊(ဋ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ)၊ (တ)နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။ )

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(တ) **နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူလည်း ပါဝင်သည်။”

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်းမဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိခြင်း၊”

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀ တွင် –

(က) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်